# ယုံကြည်စိတ်ချရသော ပြုပြင်ပြောင်းလဲမှု(၅)

## ယုံကြည်စိတ်ချရမှုအတွက် အဆုံးအဖြတ်ပေးသောအချက်များ

နိုင်ငံရေးဘောဂဗေဒသမားများက စီးပွားရေးအရ ကြွယ်ဝချမ်းသာမှုတိုးတက်လေ ယုံကြည်စိတ်ချရမှု အဆင့်တိုးတက်လေ၊ အပြန်အလှန်အားဖြင့် ဆင်းရဲနွမ်းပါးမှုတိုးတက်လေ၊ ယုံကြည်စိတ်ချရမှုကျဆင်းလေဟုဆိုကြသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်အကိုင်အခွင့်အလမ်း၊ ပညာရေး ကျန်းမာရေးနှင့် အခြားဝန်ဆောင်မှုများကိုထင်သာမြင်သာဖြစ်အောင် တိုးတက်စေခြင်းသည် အစိုးရများအပေါ် ပြည်သူလူထု၏ ယုံကြည်မှုကိုတိုးတက်စေပါသည်။

ယခုခေတ်တွင် အမျိုးသားစီးပွားရေးအခြေအနေတွင် အနုတ်လက္ခဏာပြခြင်း၊ စီးပွားရေးစိန်ခေါ်မှုများအား အစိုးရ၏တုံ့ပြန်နိုင်စွမ်းအပေါ် အပြုသဘောမမြင်နိုင်ခြင်းတို့သည် ယုံကြည်စိတ်ချရမှုကိုဆုံးရှုံးစေပါသည်။ ယှဉ်ပြိုင်မှုဖိအားများနှင့် စီးပွားရေးရွေ့ပြောင်းမှုများသည် ကမ္ဘာလွှမ်းခြုံခေတ်ကြီးတွင် စီးပွားရေးမညီမျှမှုကို တိုးပွားစေပြီး ဘေးဖယ်ထားခြင်းခံရသော လူဦးရေကို များပြားစေပါသည်။ ဤအချက်ကြောင့်ပင် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ အချိန်မီလိုလောက်သောပြုပြင်ပြောင်းလဲမှုများပြုလုပ်ပေးရန် ဆန္ဒမရှိခြင်းအတွက်အစိုးရများအပေါ် နိုင်ငံရေးအရ ယုံကြည်စိတ်ချရမှုကိုကျဆင်းစေပါသည်။ စီးပွားရေးအကြောင်းရင်းများ (အထူးသဖြင့်စီးပွားရေးမညီမျှမှု)သာမက နိုင်ငံရေးနှင့်လူမှုရေးအပိုင်းများကလည်း ယုံကြည်စိတ်ချရခြင်းကို ပျက်ပြားစေနိုင်ပါသည်။နိုင်ငံရေးအတင်းအဖျင်းစကားများဆက်တိုက်ဖြစ်ပေါ်နေခြင်း၊ အတားအဆီးမရှိဖြစ်ချင်တိုင်းဖြစ်နေသော အကျင့်ပျက်ခြစားမှုများနှင့် အဆိုပါကိစ္စများအပေါ် သတင်းမီဒီယာများက တစ်ခါတစ်ရံအလွန်အကျူးအာရုံစူးစိုက်ဖော်ပြမှုများသည် အစိုးရများနှင့် နိုင်ငံရေးခေါင်းဆောင်များအပေါ် ယုံကြည်စိတ်ချရမှုကျဆင်းစေရန် အကြောင်းရင်းများပင်ဖြစ်ပါသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ဖြစ်စေ၊ ဖွံ့ဖြိုးပြီးနိုင်ငံများတွင်ဖြစ်စေ အကျင့်ပျက်ခြစားခြင်းများသည်အစိုးရများအပေါ် ယုံကြည်စိတ်ချရမှုကျဆင်းစေရန် အရေးကြီးဆုံးသောနိုင်ငံရေးပြဿနာဖြစ်သည်။ ထို့အပြင်ပြည်သူလူထု၏လူနေမှုဘဝလုံခြုံရေးနှင့် အကျင့်ပျက်ခြစားခြင်းတို့သည် ဖွံ့ဖြိုးပြီးထက် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ပို၍ပင်အရေးကြီးပါသည်။ နိုင်ငံရေးစနစ်တစ်ခု၏ တရားဝင်ဖြစ်တည်မှုနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်တို့အရ ယုံကြည်စိတ်ချရမှုနှင့် အကျင့်ပျက်ခြစားခြင်းတို့အကြား အရေးကြီးသော သတိပေးချက်နှစ်ခုရှိပါသည်။ ပထမတစ်ချက်မှာ နိုင်ငံရေးခေါင်းဆောင်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုသည်အကျင့်ပျက်ခြစားမှုကိုတိုက်ဖျက်နေပါသည် ဆိုရုံမျှဖြင့် မလုံလောက်ပါ။ သူတို့ကိုယ်တိုင် အကျင့်ပျက်ခြစားသည်ဟု အထင်မခံရရန်လိုအပ်ပါသည်။ ဒုတိယတစ်ချက်မှာ ပြည်သူလူထုအတွင်း လူမှုရေးအရင်းက အခိုင်အမာရှိနေပြီး တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ယုံကြည်စိတ်ချရမှုရှိနေသည့်အခါ အစိုးရတစ်ရပ်သည် တစ်စုံတစ်ရာသောအတိုင်းအတာအထိ အကျင့်ပျက်ခြစားမှုရှိသည်ဟု ဆိုသည့်တိုင်အောင် အစိုးရအပေါ်တွင် ယုံကြည်စိတ်ချရမှု မပျက်ကြခြင်းဖြစ်ပါသည်။ မည်သည့်အခြေအနေတွင် ဖြစ်စေ ယုံကြည်စိတ်ချရမှုတည်ဆောက်ရာတွင် ပြည်သူလူထုသည်အခြေအတင်ငြင်းခုံကြခြင်း၊ အစိုးရ၏မူဝါဒများကိုမေးခွန်းထုတ်ကြခြင်းနှင့် ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်အား ကွဲပြားခြားနားသွားစေခြင်း ကဲ့သို့သော ပွင့်လင်းမှုမျိုး ရှိရပါမည်။ ဆိုစကားတစ်ခုရှိပါသည်၊ အကျင့်ပျက်ခြစားခြင်းနှင့် အာဏာရှင်စနစ် ကျင့်သုံးခြင်းတို့သည် ယုံကြည်စိတ်ချရမှုကို လုံးဝဖျက်ဆီးပစ်နိုင်သော်လည်း ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်တစ်ခုတည်းနှင့် ယုံကြည်စိတ်ချရမှုကိုပြန်လည်မတည်ဆောက်နိုင်ပါ။ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သည် ယုံကြည်စိတ်ချရမှုကိုထုတ်လုပ်ပေးရန်သို့မဟုတ်ထိန်းသိမ်းပေးရန် မဖြစ်မနေလိုအပ်ချက်တစ်ရပ်ဖြစ်သော်လည်း လုံလောက်သည့် စွမ်းပကားတော့မရှိပါ။

အကျင့်ပျက်ခြစားသည်ဟု အထင်ခံနေရခြင်းသည်လည်း နိုင်ငံရေးအရ ယုံကြည်စိတ်ချရမှု အတွက် အရေးတကြီးဖယ်ရှားရန်လိုအပ်သည့် ကိစ္စဖြစ်ပါသည်။ နိုင်ငံရေးသမားတစ်ယောက်သည် ရိုးသားဖြောင့်မတ်သော်လည်း ခြစားသည်ဟု အထင်ခံနေရလျှင် အခြားသော ခြစားသူများနည်းတူ သဘောထားခံရနိုင်ပါသည်။ သို့ဖြစ်၍ နိုင်ငံရေးသမားများသည် မိမိတို့၏အပြုအမူအပေါ်တွင် ထိန်းသိမ်းရန်သာမက ပြည်သူလူထုက မိမိတို့အပေါ်အမြင်ကိုလည်း ထိန်းသိမ်းနိုင်ရန် အလေးအနက်ထားကြရပါမည်။ အကျင့်ပျက်ခြစားသည်ဟု အထင်ခံရမှုနှင့် ပတ်သက်၍ နိုင်ငံရေးခေါင်းဆောင်များနှင့် ပြည်သူ့ဝန်ထမ်းများအပေါ်သက်ရောက်မှုတို့သည်အနည်းငယ်ကွာခြားပါသည်။နိုင်ငံရေးကိုယ်စားလှယ်များ ထမ်းဆောင်ရသောတာဝန်သည် သဘာဝအားဖြင့် ပြည်သူ့ဝန်ထမ်းနှင့် တရားရေး ဝန်ထမ်းများ ထမ်းဆောင်ရသော တာဝန်လောက် အသေးစိတ်တိကျစွာ ပိုင်းခြားသတ်မှတ်ထားခြင်းမဟုတ်၍ခြစားမှု စွပ်စွဲမှုများအတွက်အလိုအလျောက် ပို၍ထိလွယ်ရှလွယ်ရှိပါသည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံရေးသမား ကိုယ်စားလှယ်များသည်လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းများသည်လည်းကောင်း မိမိတို့အမှားလုပ်သည်ဟု ပြည်သူလူထုက အကြောင်းအကျိုးဖြင့် ယုံကြည်လာခြင်းဖြစ်စေနိုင်သော လုပ်ဆောင်မှုအားလုံးကို မဖြစ်မနေ ရှောင်ကျဉ်ကြရပါမည်။

ဒုတိယသတိပေးချက်ဖြစ်သော အကျင့်ပျက်ခြစားမှုနှင့် နိုင်ငံရေးယုံကြည်စိတ်ချရမှုတို့အကြား ဆက်ဆံမှု အခြေအနေတွင် လူမှုရေးအရင်းတည်ရှိမှုသည် အမှန်တကယ်အရေးကြီးပါသည်။ လူမှုရေးလုပ်ဆောင်ချက်များက အစိုးရတစ်ရပ်အပေါ်နိုင်ငံရေးယုံကြည်စိတ်ချရခြင်းအတွက် များစွာထိရောက်မှုရှိစေပါသည်။ ဝင်ငွေအဆင့်၊ စာတတ်မြောက်မှုနှုန်း၊ပညာရေးအဆင့်အတန်း၊ ကျား/မအသက်အရွယ် ကျန်းမာရေး အားကစားစသည့်လူမှုရေး လုပ်ငန်းများနှင့် လူမှုရေးကိန်းဂဏန်းများသည် နိုင်ငံရေးနှင့်လူမှုရေး ယုံကြည်စိတ်ချရမှုကို အဆုံးအဖြတ်ပေးနိုင်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အလယ်အလတ် ဝင်ငွေရှိသူများသည် အစိုးရအပေါ် မချင့်မရဲဖြစ်တတ်ကြပြီး ယုံကြည်စိတ်ချရမှုလျော့နည်းစေပါသည်။ အဘယ်ကြောင့်ဆိုသော်အစိုးရသည် ဆင်းရဲသားများနှင့် ဆက်ဆံမှုပိုရှိလာပြီး ချမ်းသာသူများကလည်း အစိုးရ၏ အခွင့်အာဏာမှအကျိုးကျေးဇူးများကို ခံစားနေကြသည်ကိုတွေ့ရသဖြင့် သူတို့အလယ်အလတ်သမားများ ထီးထီးကျန်ခဲ့သည်ဟု ယူဆတတ်ကြသောကြောင့် ဖြစ်ပါသည်။ အသက်အရွယ်သည် နိုင်ငံရေး ယုံကြည်စိတ်ချရမှု အပေါ်မညီမညာအကျိုးသက်ရောက်လေ့ရှိပါသည်။ အသက်အရွယ်ကြီးသူများသည် အာဏာရှင် အုပ်ချုပ်ရေးယန္တရားနှင့် ထိတွေ့ဆက်ဆံရာတွင်မူ ပို၍သည်းခံနိုင်ကြပြီး ဒီမိုကရေစီအစိုးရများ အပေါ်တွင်ကား သည်းမခံနိုင်ကြပါ။

ကမ္ဘာလွှမ်းခြုံသောယခုခေတ်တွင် နိုင်ငံရေးယုံကြည်စိတ်ချရမှု၏ သဘာဝ၌ လုံးဝမပြောင်းပယ်နိုင်သော နောက်ထပ်အချက်တစ်ခုသည် စတင်ပေါ်ထွန်းလာနေပြီဖြစ်ပါသည်။ ပြည်သူ့နီတိအသစ်ဟု ခေါ်မည်ဆိုက ခေါ်ဆိုနိုင်မည်ထင်ပါသည်။ ပြည်သူလူထုသည်ပါတီစွဲ၊ နိုင်ငံရေးအစွဲ၊ ပုဂ္ဂိုလ်စွဲထက် ကျင့်ဝတ်ဆိုင်ရာ စိတ်ဓါတ်ဆိုင်ရာ စံနှုန်းများအပေါ် ဘာကြောင့်အလေးအနက်ပို၍ ထားလာကြသလဲ။ မူရင်းယုံကြည်စိတ်ချရမှုအဆင့်ထက် နောက်တစ်ဆင့်မြှင့်ယုံကြည်စိတ်ချရမှုအဆင့်သို့တက်လှမ်းရန် မည်သည့်အရာများက တွန်းအားပေးနေကြပါသလဲ။ တစ်နည်းအားဖြင့် စွမ်းဆောင်ရည်ရှိမှုထက်ကိုယ်ကျင့်တရားကောင်းမွန်မှုအပေါ် ဘာကြောင့်အားထားလာကြပါသလဲ။ ဤမေးခွန်းများ၏အဖြေသည် လူတစ်ဦး၊ တစ်ဖွဲ့ချင်းထက်နှင့် ယနေ့အစိုးရများ ရင်ဆိုင်နေရသည့် ကမ္ဘာလွှမ်းခြုံ ဖြစ်ပေါ်မှု၏ စွမ်းအားများကြောင့်ပင်ဖြစ်ပါသည်။ နိုင်ငံတစ်ခုချင်းအလိုက် လူမှုရေးနှင့်နိုင်ငံရေးယုံကြည်စိတ်ချရမှု အရင်းခံ အကြောင်းတရားများသည် ကွဲပြားခြားနားကြမည်ဖြစ်သော်လည်း အစိုးရများအပေါ်ယုံကြည်စိတ်ချရမှုကျဆင်းခြင်း အတွက် ဖြစ်နိုင်ဖွယ်ရှိသော အဖြေသည် ကမ္ဘာလွှမ်းခြုံဖြစ်ပေါ်မှု၏ တောင်းဆိုချက် အသစ်များအပေါ်တွင် အခြေခံသည်ဟု မိမိတို့ယုံကြည်နိုင်ကြပါသည်။